

ဘာသာပြန် စာရေးဆရာ - 8Black Hands

# သက်တန့်ရောင်မိန်းမပျို

## (ယွီရှောင်ချောင်း)

## (Chapter 714 - 727)

စာစဉ် - ၅၂

## အပိုင်း ၇၁၄
## ငိုကြွေးဖို့ရန်

ထန်ကူမြို့က ဗီလာမှာ နှစ်ရက်တာ နေထိုင်ပြီးတဲ့နောက် ယွီရှောင်ချောင်းနဲ့ သူမရဲ့ ခင်ပွန်းဖြစ်သူတို့ဟာ လက်နက်ကိုင်စခန်းမှ တပ်သားတစ်ထောင် ခြံရံလျက် မြို့တော်သို့ ပြန်လာခဲ့ကြသည်။ ခရီးက အကြောင်းတစ်စုံရာ မရှိပါဘဲ ရောက်ရှိဖို့ရန်အတွက် သုံးရက်မျှသာ ကြာမြင့်ခဲ့သည်။ တကယ်တော့ ဒီလမ်းက တိုက်ခိုက်ခံရနိုင်ချေ အများဆုံးရှိတဲ့ ခရီးလမ်းကြောင်းဖြစ်သည်။

ရန်သူတွေက အရေအတွက် အများကြီး ပါမလာရင်တော့ ပြဿနာမရှိပေ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွမ်းကျင် ပညာရှင်နှစ်ဦးဖြစ်တဲ့ အင်ပါယာမင်းသားရှူနဲ့ အထိန်းတော်ခေါင်းဆောင်စူးတို့နဲ့သာဆိုရင် ဘယ်သူမဆို အသာစီးရနိုင်ဖို့ ခက်ခဲလိမ့်မည်။ သို့သော်လည်း အရင်မင်းဆက်မှ သစ္စာဖောက်တွေသာ ကိုယ့်ကိုယ်ကို အသေခံဖို့ ဆန္ဒရှိတဲ့ လူတွေနဲ့အတူ သူတို့ကို ချေမှုန်းပစ်မယ့် နည်းလမ်းကိုသုံးဖို့ ဆုံးဖြတ်ထားရင်တော့ ယခုအခါ၌ ကိုယ်ဝန်လေးလရှိနေပြီဖြစ်တဲ့ ရှောင်ချောင်းအား ကာကွယ်နိုင်ဖို့ အကျပ်အတည်းနှင့် ရင်ဆိုင်ရလိမ့်မည်။

ထို့ကြောင့် ဧကရာဇ်က သူတို့အုပ်စု ကမ်းစပ်ဆီ ရောက်တာကို သိတာနဲ့ လက်နက်ကိုင်စခန်းအား ဒီအရေးပါတဲ့ အရှာရှိနှစ်ယောက်အား လိုက်ပါပို့ဆောင်ပေးဖို့ရန် စေလွှတ်လိုက်သည်။ လက်နက်ကိုင်စခန်းမှ စစ်သည်ပေါင်း တစ်ထောင်ကျော်တို့ကို ဒုတာဝန်ခံတပ်မှူးက ဦးဆောင်ပြီး ထန်ကူဆိပ်ကမ်းသို့ ကြီးကျယ်ခမ်းနားသော ဟန်ပန်တို့ဖြင့် ရောက်ရှိလာကြသည်။

လူတွေသာ ကောင်းကောင်း သိမထားခဲ့ရင် ဆိပ်ကမ်းမှာ တိုက်ပွဲအကြီးကြီး တစ်ခုခု ဖြစ်နေပြီလို့ ထင်နေကြလိမ့်မည်။

လက်နက်တို့နှင့် အပြည့်အဝ လေ့ကျင်ထားပြီးဖြစ်တဲ့ စစ်သည်တို့က လိုက်ပါပို့ဆောင်ပေးနေတာမို့ ရန်သူတွေက အလကားသတ်သတ် အသေခံပြီး တိုက်ခိုက်ဖို့ ကြိုးစားရဲကြမှာ မဟုတ်ချေ။ ထို့ကြောင့် မြို့တော်သို့ အပြန်ခရီးလမ်းက အတော်လေး အေးအေးချမ်းချမ်း ရှိခဲ့သည်။ ရှောင်ချောင်း ထိုင်လိုက်လာတဲ့ လှည်းကလည်း သူမအတွက် အထူးပြင်ဆင်ပေးထားတာ ဖြစ်သည်။ လှည်းဆောင့်သက်သာစေရန် ခံထားတဲ့ ပစ္စည်းတွေကိုလည်း အဆင်မြှင့်ထားပြီး သူမ အပြည့်အဝ သက်တောင့်သက်သာ ရှိနေစေဖို့ရန် အတွက် ပရိဘောဂပစ္စည်းများ အားလုံးကိုလည်း အသစ်ပြန်လည် ပြုပြင်ထားသည်။ ဒီလို နေရာထိုင်ခင်းတွေနဲ့တောင်မှ မြို့တော်သို့ ပြန်ရောက်လာပြီးတဲ့နောက် ရှောင်ချောင်းဟာ နှစ်ရက်တိုင်တိုင် အလွန်အကျွံ အိပ်ပျော်သွားခဲ့ပြီး နောက်ဆုံးမှာမှ ပြန်လည် ကောင်းမွန်လာခဲ့သည်။

တော်ဝင်သံတမန်တစ်ယောက်အနေနဲ့ ခရီးက ပြန်ရောက်လာပြီးတဲ့နောက် သူမရဲ့တာဝန်အကြောင်း တင်ပြဖို့ရန် လိုအပ်သေးသည်။ ယွီရှောင်ချောင်းက သူမရဲ့ အရာရှိဝတ်စုံကို ဝတ်ဆင်ပြီး သူမရဲ့ ဝတ်စုံအောက်က ဗိုက်ဖောင်းဖောင်းလေးနဲ့အတူ နန်းတော်သို့ ရောက်ရှိလာသည်။ သူမ ဧကရာဇ်ကို အရိုအသေပေးလိုက်တော့ ကျူးကျွင်းဖန်က ပလ္လင်ပေါ်ကနေ ကိုယ်တိုင်ဆင်းလာပြီး ဒီစိတ်ဝင်စားဖွယ် ကောင်းလှတဲ့ အရာရှိအား ဆွဲထူပေးလိုက်သည်။

တစ်ဖက်မှာတော့ ယွီရှောင်ချောင်းက ထမလာတဲ့အပြင် ဧကရာဇ်ရဲ့ ခြေသလုံးကိုသာ ဖက်ထားရင်း ကျယ်လောင်စွာ ငိုကြွေးတော့သည်။

"အရှင်မင်းမြတ်... ဒီအရာရှိက သေလုမြောပါးဖြစ်ပြီး အရှင့်ကို ထပ်မ

တွေ့နိုင် ဖြစ်တော့မလို့ ဝါး ဝါး ဝါး... ကျွန်တော်မျိုးမ၊ သေသေ မသေသေ အရေးမကြီးပေမဲ့ ဒီအရာရှိက တိုင်းသူပြည်သူတွေ နောက်ထပ် ဆာလောင်ခြင်း မရှိတော့အောင် လုပ်ပေးနိုင်မယ့် တစ်မှုကို ကျင်းတစ်ထောင်ထွက်တဲ့ စပါးခင်းတွေ မြင်တွေ့ရမယ့် ကျွန်တော်မျိုးမရဲ့ အိမ်မက်ကို မပြီးမြောက်သေးပါဘူး။ ဒီအရာရှိ သေသွားခဲ့ရင်တောင် နောင်တရလွန်းလို့ မျက်လုံးပိတ်နိုင်မှာ မဟုတ်ဘူး__ ဝါး ဝါး ဝါး!"

ကျုးကျွန်းယန်တစ်ယောက် ကောင်မလေးက ဒီလိုဇာတ်လမ်းမျိုး သရုပ်ဆောင်လိမ့်မယ်လို့ ထင်မထားခဲ့ပေ။ သူ့ရဲ့ ဖီးနစ်သဏ္ဍာန်မျက်ဝန်းတို့က ထိတ်လန့်မှုကြောင့် ပြူးကျယ်နေပြီး သူ့ဇနီး ဖက်တွယ်ထားတဲ့ ခြေသလုံးကိုသာ ဒေါသထွက်နေတဲ့ အမူအရာနဲ့ စူးစူးရဲရဲ စိုက်ကြည့်နေသည်__ သူ ဒီခြေထောက်ကို ခုတ်ပစ်ရမယ်!

ဧကရာဇ်: 'မင်းလုပ်ရဲတယ်ပေါ့! ဒါ တိုင်းပြည်အုပ်ချုပ်သူကို အန္တရာယ်ပြုဖို့ ကြံစည်တာပဲ! မင်းရဲ့ ကန်းနေတဲ့မျက်လုံး သေချာဖွင့်ကြည့်ပြီး ပြန်စဉ်းစားစမ်း! မင်းမိန်းမက ကိုယ်တော့်ကို လာဖက်ထားတာ။ မင်းမိန်းမရဲ့ လက်ကိုမဖြတ်ဘဲ ဘာလို့ ကိုယ်တော့်ခြေထောက်ကို ဖြတ်ရမှာလဲ'

ကျုးကျွင်းယန်: 'သူ့ကို ထိခိုက်အောင် မလုပ်နိုင်ဘူး!'

ဧကရာဇ်: 'မင်းက မင်းမိန်းမကျ ထိခိုက်အောင် မလုပ်နိုင်ပေမဲ့ ကိုယ်တော်ကို ထိခိုက်အောင် လုပ်လို့တော့ အဆင်ပြေတယ်ပေါ့လေ? မင်းက တကယ့်ကို ကိုယ်တော့်ရဲ့ အရာရှိကောင်း၊ ညီတော်ကောင်း တစ်ယောက်ပါလား!'

နန်းတော်ထဲက အရာရှိတွေ ဒီမြင်းကွင်းကို မြင်လိုက်ရတော့ သူတို့ရဲ့ မျက်လုံးတွေ ကျိန်းစပ်လာပြီး မျက်ရည်တို့ ဝေ့သီလာကြတော့သည်။ အစကတော့ အင်ပါယာမင်းသားရှု ပို့လိုက်တဲ့ အစီရင်ခံစာက ယွီရှောင်ချောင်းရဲ့

ဒဏ်ရာကို သနားစရာပုံစံဖြင့် ဖော်ပြထားတာမို့ အနည်းငယ် ချဲ့ကားပြော နေသလို ထင်ရသည်။ ယခုအခါမှာတော့ ကလေးတစ်ယောက်လို ငိုနေတဲ့ ကိုယ်ဝန်ရှိမှန်း သိသာနေပြီဖြစ်တဲ့ သူမကို မြင်လိုက်ရတဲ့အခါမှ တော်ဝင်သံတမန်ဟာ ဆယ့်ရှစ်နှစ်အရွယ် ငယ်ရွယ်တဲ့ မိန်းကလေးတစ်ယောက်သာ ဖြစ်မှန်း ရုတ်တရက် သတိရမိသွားကြသည်။ ထို့အပြင် သူမက ကလေး လွယ်ထားရတဲ့ မိခင်တစ်ယောက်လည်း ဖြစ်နေသေးသည်။

ထို့အပြင် သူမရဲ့ ကလေးကို ဆုံးရှုံးရလုနီးပါးဖြစ်ခဲ့တဲ့ ဒီမိခင်ဖြစ်သူ ငိုကြွေးနေသည်က သူမဒဏ်ရာရခဲ့လို့ ဒါမှမဟုတ် ကိုယ်ဝန်ပျက်ကျ လုနီးပါး ဖြစ်ခဲ့လို့ မဟုတ်ဘဲ ဒီအချိန်မှာ သူမသာ သေသွားခဲ့ရင် တိုင်းပြည် အတွက် စမ်းသပ်စိုက်ခင်းတွေနဲ့ အင်ပါယာရဲ့ တိုင်းသူပြည်သားအားလုံးကို လက်လွှတ်လိုက်ရတော့မှာကြောင့်ပင်။ တော်ဝင်သံတမန်နဲ့ အင်ပါယာ မင်းသားရှုတို့က သူတို့ရဲ့ အချိန်တွေကို တောင်ဘက်ပိုင်းမှာ ခရီးထွက်၊ လည်ပတ်ဖို့သာ အသုံးပြုနေပါတယ်ဆိုပြီး စကားဆိုထားကြတဲ့ အရာရှိများ က ယခုအခါ၌ သူတို့နှစ်ယောက်အား နန်းတော်ညီလာခံမှာ အခက်တွေ့ အောင်လုပ်ဖို့ ကြံစည်ထားမိကြသည့်အတွက် အပြစ်ရှိသလို ခံစားနေကြရ သည်။

ဧကရာဇ်ရဲ့ နှုတ်ခမ်းတို့က တွန့်ကွေးသွားပြီး ရှောင်ချောင်းအား အလျင်စလို ဆွဲထူပေးလိုက်သည်။ သူက သူမအား ‘မင်းအခု တအား မူပို လွန်းမနေဘူးလား? အတုယောင်ဆန်လိုက်တာ!’ ဟု ပြောနေသည့် အကြည့်တစ်ချက် ပေးလိုက်သည်။ သို့သော်လည်း သူ့ပါးစပ်က ထွက်လာ တဲ့ စကားတွေကတော့ ကွာခြားနေသည်။

"အရာရှိယွီ၊ သေသေချာချာ မတွေးတောဘဲ မယ်မင်းကို အန္တရာယ်ရှိတဲ့ လမ်းဆီ သွားခွင့်ပြုလိုက်တာ ကိုယ်တော်ပါ!"

"ကျွန်တော်မျိုးမသာ မျိုးစပ်စပါးခင်းက စပါးအထွက်နှုန်းကိုသာ တည်ငြိမ်အောင် လုပ်နိုင်မယ်ဆိုရင် ဘယ်လောက်ပဲ ခက်ခဲပါစေ တန်ပါတယ်!"

ယွီရှောင်ချောင်းက သူမလက်ထဲက လက်ကိုင်ပဝါကို ထုတ်ယူလိုက်ပြီး မျက်လုံးတို့ကို သုတ်လိုက်သည်။ အမလေး ဘုရားရေ… သူသုံးလိုက်တဲ့ ငရုတ်ကောင်းရေက တော်တော်ပြင်းလွန်းတာပဲ။ အခု သူ့မျက်လုံးတွေ ဖူးယောင်နေပြီ!

ယွီရှောင်ချောင်းရဲ့ ဝမ်းနည်းပူဆွေးစွာနဲ့ ငိုကြွေးတဲ့ နည်းဗျူဟာက နန်းတော်မှာရှိတဲ့ အခြားအရာရှိတွေဆီကနေ ချီးကျူးမှုတွေ၊ အားပေးထောက်ခံမှုတွေ များစွာရရှိခဲ့သည်။ ညီလာခံပြီးတဲ့နောက် အခွန်ဝန်ကြီးဌာနရဲ့ အမတ်လျိုက မျက်နှာထက်မှာ စိတ်လှုပ်ရှားနေသော အမူအရာဖြင့် ရောက်ရှိလာသည်။

"အရာရှိယွီ၊ မင်းပြောတဲ့ မျိုးစပ်စပါးတွေက တကယ်ပဲ တစ်မူကို ကျင်းတစ်ထောင် ထွက်နိုင်တယ်လား"

"ဒါပေါ့!"

ယွီရှောင်ချောင်းက ယုံကြည်မှုရှိတဲ့ အမူအရာနဲ့ ပြန်ဖြေလာသည်။ မျိုးစပ်စပါးတွေက စမ်းသပ်ဖို့ အချိန်ခဏတော့ ယူရဦးမယ်ဆိုပေမဲ့ နည်းလမ်းမှန်မှန်နဲ့ဆိုရင် သူတို့ရဲ့ ပန်းတိုင်သို့ နောက်ဆုံးမှာ ရောက်ရှိသွားလိမ့်သည်။ အရာရှိဝူရဲ့ သုတေသနအရ သူတို့ အောင်မြင်နိုင်ချေကို မြင်နေရပြီဖြစ်သည်။ မျိုးစပ်စပါးက ဒီကမ္ဘာပေါ်မှာ မကြာခင် ပေါ်ထွက်လာမယ်ဆိုတာ သူမတော့ သေချာသည်။

အရာရှိလျိုရဲ့ မျက်နှာထက်မှာ အားရကျေနပ်နေသော အကြည့်တို့နှင့် မေးလာသည်။

"ဒါဆို ဂျုံကရော? တစ်မူကို ကျင်းတစ်ထောင်ထွက်နိုင်တဲ့ ဂျုံအမျိုးအစားကို တိုးမြှင့်နိုင်လား"

မြောက်ပိုင်းဒေသမှာရှိတဲ့ လူတွေက သူတို့ရဲ့ အဓိကအစားအစာအဖြစ် ဂျုံကိုသာ ပိုပြီး အမှီပြုနေထိုင်ကြသည်။ ထို့ကြောင့် ဒီဒေသ၌ ဂျုံကို ပိုစိုက်ပျိုးကြသည်။ သူတို့သာ တစ်မူကို ကျင်းတစ်ထောင် ထွက်နိုင်မယ့် ဂျုံကို တိုးမြှင့်နိုင်ခဲ့မယ်ဆိုရင် အရာရှိလျိုကတော့ သာယာလှပတဲ့ အနာဂတ်ကို ကြိုမြင်နိုင်နေပြီ။ သူ့ရဲ့ သမိုင်းမှတ်တမ်း စာအုပ်တွေထဲမှာ ဟန်မင်းဆက်က ဇကေရာဇ်ဝူလက်ထက်၌ တိုင်းပြည်က စည်ပင်သာယာပြီး ဘဏ္ဍာတိုက်ထဲက ကြေးပြားတွဲထားတဲ့ ကြိုးတွေကလည်း ဆွေးရိကုန်ကြတဲ့အကြောင်း သတိရမိသွားသည်။ စပါးကျီတို့ကလည်း ပိုလျှံနေတဲ့ အစားအစာတွေနဲ့ ပြည့်နေတာကြောင့် အသစ်ရိတ်သိမ်းထားတာတွေကို လက်ကျန်အဟောင်းတွေပေါ်မှာ ပုံထားရပြီး ထားစရာနေရာ မရှိတော့တာမို့ ပိုနေတဲ့ အစေ့အဆန်တွေကို အဆောက်အဦး အပြင်ဘက်မှာသာ ထုတ်ထားရသည်။

သူ ထိုအကြောင်းအရာကို ဖတ်မိတော့ သူလည်း ထိုကဲ့သို စည်ပင်သာယာတဲ့ ခေတ်အခါမျိုးမှာ နေနိုင်ချင်မိသည်။ သူသာ စန်းဟုန်ယန်းလိုမျိုး အရာရှိတစ်ယောက် ဖြစ်လာနိုင်ခဲ့မယ်ဆိုရင် အကောင်းဆုံး ဖြစ်လိမ့်မည်။ တိုင်းပြည်အတွက် သူ့ရဲ့ လက်ရှိလုပ်ဆောင်ပေးမှုတို့က စန်းဟုန်ယန်းနဲ့ယှဉ်ရင် တော်တော်လေး ချို့တဲ့နေသေးပေမဲ့ သူ အခွန်ဝန်ကြီးဌာနရဲ့ အမတ်တစ်ယောက် ဖြစ်နေတုန်း တိုင်းပြည်ကို ဆန်စပါးတွေ စပါးကျီထဲမှာ ဆွေးမြေ့သွားရတဲ့အထိ ကြွယ်ဝချမ်းသာတဲ့ ခေတ်သို့ ဦးဆောင်လမ်းပြနိုင်ခဲ့မယ်ဆိုရင် အမှန်စင်စစ် ကြည်နူးစရာ မြင်ကွင်းတစ်ခု ဖြစ်လာလိမ့်မည်။

ရှောင်ချောင်းက အနည်းငယ် တွေးတောကြည့်လိုက်သည်။ သူမအရင်ဘဝတုန်းကတော့ တစ်မူကို ကျင်းတစ်ထောင်အထိ ထွက်နိုင်တဲ့ ဂျုံကို ရဖို့

က မဖြစ်နိုင်တာ မဟုတ်ချေ။ သို့သော်လည်း လက်ရှိခေတ်အခါရဲ့ မျိုးစပ်တဲ့ နည်းပညာနဲ့ လယ်ကွင်းစီမံခန့်ခွဲမှုတို့က စံချိန်မမီသေးချေ။ အံ့ဖွယ်ကျောက်တုံးလေးကို ဒီပြဿနာအကြောင်း ဘယ်လိုတွေးမိတယ်ဆိုတာ မေးကြည့်ဖို့ လိုသည်။

"ဖြစ်တော့ ဖြစ်နိုင်လောက်ပါတယ်။ ဒါပေမဲ့ သီးနှံရဲ့ အထွက်နှုန်းက အစေ့ရဲ့ အရည်အသွေးပေါ်မှာပဲ မူတည်တာ မဟုတ်ဘူးဆိုတာ အရာရှိလျိုလည်း သိတယ်မလား။ မြေစီမံခန့်ခွဲဖို့တို့၊ သီးနှံရဲ့ အထွက်နှုန်းကို သက်ရောက်မှုရှိစေနိုင်တဲ့ မျိုးစပ်တာတို့ စတဲ့ အခြားကိစ္စတွေလည်း ရှိသေးတယ်လေ။ ဒီတော့... စိတ်မပူပါနဲ့။ ဒီဦးတည်ချက်ကိုရောက်အောင် ကျွန်မအစွမ်းကုန်ကြိုးစားသွားမှာပါ!"

အရာရှိလျိုက ထပ်ပြီးပြောချင်နေသေးပေမဲ့ အင်ပါယာမင်းသားရှုရဲ့ ကြားဖြတ်ခြင်းကို ခံလိုက်ရသည်။

"အရာရှိလျို၊ အရာရှိယွီရဲ့ ခန္ဓာကိုယ်က အခုထိ အားနည်းနေသေးတော့ အရာရှိတာဝန်တွေကို ဒီလောက်အကြာကြီး ဆွေးနွေးလို့မသင့်ဘူး။ ဧကရာဇ်ကလည်း သူမအတွက် ခွင့်ရက်အရှည်ကြီး ပေးထားပြီးပြီ။ ခွင့်ရက်ကုန်သွားပြီး သူမခန္ဓာကိုယ် နေထိုင်ကောင်းတော့မှ ဒီအကြောင်း ထပ်ဆွေးနွေးလို့ရပါတယ်!"

သူက အရာရှိလျိုကို ပြန်ဖြေဖို့ အခွင့်အရေး မပေးတော့ဘဲ သူ့ဇနီးလေးအား ပင်မခန်းမထဲကနေ ခေါ်ဆောင်သွားလိုက်တော့သည်။

"မင်းသမီး၊ ဧကရီက ကြင်ယာတော်မင်းသမီးရှုကို စိတ်ပူနေတာမို့ ဒီအစေခံကို မင်းသမီးအတွက် ဝေါယာဉ်တစ်ခု ပြင်ခိုင်းလိုက်ပါတယ်။ ကျေးဇူးပြုပြီး တက်ပါ..."

စကားပြောလာသူက ဧကရီရဲ့ မိန်းမစိုးခေါင်းဆောင် ဖြစ်သူပင်။ သူ့

နောက်မှာတော့ ခန္ဓာကိုယ် တောင့်တောင့်နဲ့ အစေခံလေးယောက်ရှိပြီး လက်ရှိမှာ သူတို့ရဲ့ ပုခုံးပေါ်၌ သက်တောင့်သက်သာရှိလှတဲ့ ဝေါယာဉ်တစ်ခုကို တိတ်တဆိတ်နဲ့ သယ်ပိုးထားသည်။

"ကျေးဇူးပြုပြီး ဧကရီကို သူမရဲ့ ကြင်နာပေးမှုအတွက် ကျေးဇူးတင်ပါတယ်လို့ ပြောပေးပါဦး။ တစ်ရက်ရက်ကျရင် သူ့ဆီ ကျေးဇူးတင်ဖို့အတွက် ကိုယ်တိုင် လာလည်ပါဦးမယ်"

ရှောင်ချောင်းတစ်ယောက် ခေါင်းကနေ ခြေဖျားအထိ မောပန်းနေသလို ခံစားနေရသည်။ ဒီမနက် ညီလာခံကို တက်ရောက်ဖို့အတွက် အစောကြီးထခဲ့ရပြီး ညီလာခံမှာ နှစ်နာရီလောက် နေခဲ့ရသည်။ မိန်းမစိုးခေါင်းဆောင်ကို ကျေးဇူးတင်ပြီးတဲ့နောက် သူမယောက်ျားရဲ့ အကူအညီနဲ့ ဝေါယာဉ်ပေါ်တက်ပြီး ထိုင်လိုက်သည်။ ဝေါယာဉ်က နန်းတော်ထဲကနေ ဖြည်းဖြည်းချင်း ထွက်ခွာလာသည်။ နန်းတော်ထဲကနေ ထွက်လာကြတဲ့ အခြားအရာရှိတွေက ဒါကိုမြင်တော့ ဧကရီရဲ့ မျက်နှာပေးခြင်းခံရတဲ့ သူမရဲ့ ကံကောင်းမှုအတွက် အလွန်အမင်း မနာလိုဖြစ်နေကြသည်။

ဒါပေမဲ့ သူတို့ မနာလိုဖြစ်နေတာ အရေးကြီးလို့လား။ သူတို့ အရာရှိယ္ဆီ လောက်ရော ကြိုးစားကြလို့လား။ သူတို့သာ မျက်နှာသာပေးခံချင်တယ်ဆိုရင် ဘာလို့ စပါးခင်းကနေ တစ်မူကို ကျင်းတစ်ထောင် ထွက်နိုင်တဲ့ နည်းလမ်းမျိုး မရှာနိုင်ရတာလဲ? အရာရှိအများစုက ယခုအခါမှာတော့ အလင်းရောင်ကို မြင်တွေ့လိုက်ရပြီ။ ကြင်ယာတော်မင်းသမီးရှုသာရှိနေရင် အင်ပါယာမင်းသားရှုနဲ့ ဧကရာဇ်ရဲ့ ဆက်ဆံရေးက အချိန်ကြာလာတာနဲ့အမျှ ပိုကောင်းလာဖို့ပဲ ရှိတော့သည်။ ယခု ဧကရာဇ်နဲ့ အင်ပါယာမင်းသားရှုကြား ကုန်းတိုက်ဖို့ ကြိုးစားတဲ့သူတိုင်း အလွန်ဆိုးရွားတဲ့ အကျိုးရလဒ်သာ ရှိလိမ့်မည်။

အဲဒီနောက်ပိုင်း အချိန်အတော်ကြာပြီးတဲ့နောက်မှာတော့ ကျူးကျွင်းယန် တစ်ယောက် နန်းတော်မှာ သူ့အတွက် ကိစ္စရပ်တွေက ပိုအဆင်ပြေပြေ ရှိလာတာကို သတိပြုမိလိုက်သည်။ အရင်တုန်းက သူ့ကို ပြဿနာရှာရတာ သဘောကျကြတဲ့သူတွေ အားလုံးကလည်း ယခုအခါ၌ ငြိမ်သက်ပြီး နာခံမှု ရှိနေကြသည်။ ပြောင်းလဲသွားမှုကို နားလည်နိုင်ဖို့အတွက် သူတို့ရဲ့စိတ်ထဲ ဖျတ်ကနဲ ကြည့်ဖို့ရန် သူ့ရဲ့စွမ်းအားကို တိတ်တဆိတ် သုံးကြည့်လိုက်သည်။ ရလာတဲ့အဖြေက သူ့အဖို့ ရယ်ရမလား ငိုရမလားပင် ဖြစ်သွားမိသည်။ ဒီတော့ အခု သူတို့က သူ့ရဲ့လုပ်ကိုင်နိုင်စွမ်းကို အသိအမှတ်ပြုလိုက်တာကြောင့် မဟုတ်ဘဲ သူ့ဇနီးလေးရဲ့ လုပ်ကိုင်နိုင်စွမ်းကို လုံးဝ အသိအမှတ်ပြုလိုက်တာကြောင့်ပေ့ါလေ။

ရှောင်ချောင်းအတွက်ကတော့ ယခုအခါ၌ အားလပ်ရက် ရရှိထားတာကြောင့် သူမရဲ့ 'ဝက်ဖြစ်လာခြင်း' နေ့ရက်တွေကို ဆက်လက် ကုန်ဆုံးနေသည်။ နေ့တိုင်း အိပ်လိုက်စားလိုက်၊ ထပ်အိပ်လိုက် ထပ်စားလိုက်နဲ့သာ။ သူမရဲ့ ခင်ပွန်းက သူမကို ဖူးဖူးမှုတ် အလိုလိုက်ထားပြီး လက်ချောင်းလေး တစ်ချောင်းတောင် မြှောက်စရာမလိုပေ။ ကံကောင်းစွာနဲ့ သူမအား အိမ်အပြင်မထွက်ဖို့ရန် တားမြစ်ထားခြင်း မရှိပါချေ။ မဟုတ်ရင် သူမ ရူးသွားနိုင်သည်။

သို့သော်လည်း အရင်တုန်းကလို့တော့ လွတ်လွတ်လပ်လပ် အမှီခိုကင်းကင်းနဲ့ သွားချင်တဲ့နေရာကို စိတ်တိုင်းကျ သွားလာလို့ မရတော့ပေ။ သူမ ခင်ပွန်းဖြစ်သူပါ အတူလိုက်ပါဖို့ လိုအပ်သေးသည်။ သူ့မှာ အချိန်မရှိဘူးဆိုရင် သူမရဲ့ 'မွေးစားမောင်လေး' ဖြစ်သူနဲ့ အတူသွားဖို့ လိုသည်။ သူမ အရမ်းအဝေးကြီးလည်း သွားလို့မရဘဲ သူမရဲ့ မိသားစုအိမ်၊ သူမရဲ့ မွေးစားမိသားစုအိမ်နဲ့ သူမရင်းနှီးတဲ့ သူငယ်ချင်းအချို့ဆီလောက်သာ သွားလည်လို့ရသည်။

ဒါကလည်း ထိုနေရာတွေက အင်ပါယာမင်းသားရှုအိမ်တော်ကနေ သိပ်မဝေးလို့သာ။

အင်ပါယာမင်းသားရှုကတော့ သူ့ဇနီးလိုမျိုး ကံကောင်းမနေပါပေ။ သူ မြို့တော်ကနေ ပြန်ရောက်တော့ ဧကရာဇ်က သူ့အား ရှီရှန်းစစ်တန်းလျားရှိ တပ်သားတွေကို လေ့ကျင့်ပေးဖို့ရန် ထိုနေရာသို့ ပို့လိုက်သည်။ ကျူးကျွင်းယန်က ယွမ်ကျီဟာ သာမန်လူမဟုတ်တာကို သိပြီးသားမို့ သူ့အနားမှာ မရှိတဲ့အခါ သူ့ဇနီးအား မျက်စိဒေါက်ထောက် ကြည့်ပေးထားဖို့ အမြဲတောင်းဆိုနေတော့သည်။

အံ့ဖွယ်ကျောက်တုံးလေးက ဒီကိစ္စအတွက် စိတ်အနှောင့်အယှက် ဖြစ်လာမိသည်။ ရှောင်ချောင်းကလည်း သူ့သခင်ဖြစ်တာမို့ သူမရဲ့ လုံခြုံရေးက သူ့ရဲ့ တာဝန်ဝတ္တရားတစ်ခုပင်။ ဒီမင်းသားက သူ့ကို တစ်ချိန်လုံး နားပူနားဆာလုပ်နေဖို့ တကယ်လိုအပ်လို့လား?

များသောအားဖြင့် ရှောင်ချောင်း အများဆုံး သွားလည်ဖြစ်တဲ့နေရာက သူမအမေတို့ မိသားစုအိမ်ပင်။ ရှစ်လပိုင်း အစလောက်က သူမယောက်မဖြစ်သူဟာ သူမအတွက် တူလေးတစ်ယောက် မွေးဖွားပေးခဲ့သည်။ ယခု သူက သုံးလအရွယ် ရှိနေပြီဖြစ်ကာ တောက်ပပြီး ချစ်စရာကောင်းတဲ့ ကောင်လေးတစ်ယောက် ဖြစ်လာခဲ့သည်။ သူမ လုပ်ဆောင်ရတာ အကြိုက်ဆုံးက နွေးထွေးပြီး သက်တောင့်သက်သာရှိတဲ့ အနွေးကုတင်ပေါ်မှာ ထိုင်ပြီး ကောင်ကလေးရဲ့ မှောက်ဖို့ကြိုးစားရင်း ဟောဟဲလိုက်နေတာကို ကြည့်ရတာပင်။ သူ နောက်ဆုံး အောင်မြင်သွားတဲ့အခါ သူမက ဝမ်းသာအားရနဲ့ ပြန်လှန်ပေးလိုက်သည်။ ကောင်ကလေးက စိတ်သဘောထား ကောင်းမွန်ပြီး ပြန်မှောက်ဖို့ရန်အတွက် အားသွန်ခွန်စိုက် ဆက်ကြိုးစားတော့သည်။

"မင်းကတော့ ကိုယ့်တူကို အနိုင်ကျင့်ဖို့ပဲ သိတယ်!"

အမျိုးသမီးလျို့က သူ့မြေးလေးခမျာ သူ့ဒေါ်လေးရဲ့ ဘယ်နှစ်ခါမှန်းမသိ ပက်လက်ပြန်လှန်ပေးခြင်း ခံနေရတာကိုမြင်ပြီး အနည်းငယ် စိတ်မကောင်းဖြစ်သွားမိသည်။ သူမက သမီးဖြစ်သူကို အကြည့်တစ်ချက် ပေးလိုက်ပြီး သူ့မြေးလေးကို ပွေ့ချီကာ ရေနွေးအနည်းငယ် တိုက်လိုက်သည်။

"ဝါး ဝါး ဝါး… အခုတော့ အမေက မြေးတစ်ယောက် ရှိလာပြီဆိုတော့ ငါ့ကို မချစ်တော့ဘူးပဲ။ ဝမ်းနည်းဖို့ကောင်းလိုက်တာ ငါ့ကိုချစ်ပေးပြီး အလိုလိုက်မယ့်သူ မရှိတော့ဘူးပဲ…"

ယွီရှောင်ချောင်းက သူမမျက်နှာကို အုပ်ထားရင်း ငိုချင်ယောင်ဆောင်လိုက်သည်။

အမျိုးသမီးလျို့ရဲ့ မျက်နှာထက်မှာ ကူကယ်ရာမဲ့နေသော အမူအရာတို့ ရှိနေပြီး

"ကိုယ်တူနဲ့ လိုက်ပြိုင်နေရအောင် နင့်အသက် ဘယ်လောက်ရှိနေပြီတုန်း။ မင်းက အခု မိခင်တစ်ယောက်တောင် ဖြစ်လာတော့မယ်။ ဘာရင့်ကျက်မှုမှလည်း မရှိသေးဘူး!"

အခုလေးတင်မှ သူမကိုယ်ဝန် ရှိနေတယ်ဆိုတာ သိလိုက်ရတဲ့ ရှောင်လျန်က လက်ရှိမှာ သူ့တူလေးအတွက် ကျားပုံဦးထုပ်လေး ချုပ်ပေးနေလေသည်။ သူမက ပြုံးလိုက်ရင်း

"ညီမလေး နင့်ကိုချစ်မယ့်သူ တစ်ယောက်မှ မရှိတော့ဘူးလို့ ဘယ်သူပြောလဲ။ နင်သာ တောင်းဆိုလိုက်ရင် အင်ပါယာမင်းသားရှူက နင့်ကို နေရာတိုင်း ချီသယ်သွားဦးမှာ!"

ယွီရှောင်ချောင်းက သူမကို ကလိယားထိုးဖို့ လက်ဆန့်ထုတ်လိုက်ရင်း

"အေးပါ။ နင်ကင့်ါကို ဟာသလုပ်နေတာဆိုတော့ ကြည့်နေ ငါကလည်း နင့်ကို…"

"နည်းနည်းလောက် လျှော့ကြပါဦး ငါ့ရဲ့ ဘိုးဘေးလေးတို့ရေ။ သတိလေး လည်းထားကြပါ! ချောင်းအာ၊ မင်းတို့ ညီအစ်မနှစ်ယောက်လုံး ကိုယ်ဝန်ရှိနေကြတာ။ ဖြောင်းဆန်အောင် ဆော့နေလို့ မဖြစ်ဘူးလေ"

အမျိုးသမီးလျိုက သူမအငယ်ဆုံးသမီးဖြစ်သူက ခုန်ပေါက်ပြေးလွှားနေတာ တွေ့တော့ ထိတ်လန့်သွားတာမို့ ချွေးစေးတွေပင် ထွက်လာသည်။

သူမအငယ်ဆုံး သမီးလေးက ကိုယ်ဝန်ရှိလာခဲ့ပေမဲ့ သိပ်မကြာခင်မှာပဲ ဒီလို ကြောက်မက်ဖွယ်ကောင်းတဲ့ ဒဏ်ရာတွေ ရလာခဲ့ပြီး သူမရဲ့ မမွေးရသေးတဲ့ ကလေးကိုပင် ဆုံးရှုံးလုနီးပါး ဖြစ်ခဲ့သည်။ တော်ဝင်သမားတော်နဲ့ သူမရဲ့ သမီးဖြစ်သူတို့က ယခုအခါမှာ သူမရဲ့ ခန္ဓာကိုယ်ရော ကလေးရောလုံးဝ ကျန်းမာနေပြီဖြစ်ကြောင်း ကတိပေးထားပေမဲ့ အမျိုးသမီးလျိုကတော့ စိုးရိမ်နေမိသေးတာမို့ ကောင်းကောင်းပင် မအိပ်နိုင်ခဲ့ပေ။

ယွီရှောင်ချောင်းက သူမအမေရဲ့ စိုးရိမ်နေတဲ့ အမူအရာကို မြင်တော့ နာခံမှုရှိတဲ့ အမူအရာနဲ့ အလျင်စလို ထိုင်ချလိုက်သည်။ သူမက သူမရဲ့ ဝတုတ်တုတ် တူလေး အနွေးကုတင်ပေါ်မှာ တီကောင်လေးလိုမျိုး တွန့်လိမ်တွန့်လိမ် သွားနေတာကို ကြည့်နေလိုက်သည်။ အတားအဆီးနဲ့ တွေ့ရင်တောင် ငိုလည်းမငိုသလို ဝုန်းဒုန်းလည်းမကြဲပေ။ သူမက တခစ်ခစ်ရယ်လိုက်ရင်း

"ဖုန်းအာက ကျွန်မအစ်ကိုကြီးနဲ့ တူတာဖြစ်ရမယ်။ သူက တော်တော်လေး စိတ်ထားကောင်းတာပဲ"

"ညီမလေး၊ ဒီစကားတွေက ငါ့ကို ဝမ်းနည်းစေတယ်နော်။ ညီမလေးပြောတဲ့ပုံက ငါ့မှာ တကယ်ဆိုးရွားတဲ့စိတ်မျိုး ရှိနေတဲ့အတိုင်းပဲ"

ဆယ်နှစ်လပိုင်းသို့ ရောက်ခါနီးနေပြီဖြစ်ပြီး အိမ်တော်ကို စီမံခန့်ခွဲဖို့ ကိစ္စရပ်တွေ အများကြီးရှိသည်။ လျိုဟွေ့ဖန်းတစ်ယောက် အခုအချိန်ထိ အလုပ်ရှုပ်နေခဲ့ပြီး အခုမှ သူ့ယောက်မလေးနဲ့ စကားပြောဖို့ အချိန်ရတာဖြစ်သည်။

စန်းဟုန်ယန်း - ဟန်မင်းဆက် ဧကရာဇ်ဝူလက်အောက်မှ သူရဲ့စီးပွားရေးမူဝါဒတွေကြောင့် နာမည်ကျော်ကြားတဲ့ အရာရှိတစ်ဦး

***